# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 14 , 2023 Volume 69, Number 9


၁၄.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၉.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၁.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၄.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၄.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၇၂၇ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## နိုင်ငံတော်အရန်ဆန်များ စုဆောင်းထားရှိမှုအခြေအနေ ကွင်းဆင်းစစ်ဆေးခြင်း

နိုင်ငံတော်အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ဩဂုတ်လ ၁၂ ရက်နေ့လယ်ပိုင်းတွင် အရန်ဆန်ဝယ်ယူရေး ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများလိုက်ပါ၍ ဒုတိယအကြိမ် ဝယ်ယူစုဆောင်းနေသည့် နိုင်ငံတော်အရန်ဆန်များ စုဆောင်းထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် အရန်ဆန်အိတ် ၂ သိန်းကို ယခုနှစ် မေလအတွင်း ပထမအကြိမ် ဝယ်ယူစုဆောင်းခဲ့ပြီး သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့်ဒေသများသို့ နိုင်ငံတော်မှ ဖြန့်ခွဲပေးပို့ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါထပ်မံ၍ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများသို့ ဆက်လက်ပံ့ပိုးပေးနိုင်ရေးအတွက် နိုင်ငံတော်အရန်ဆန် ဝယ်ယူရေးကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ညှိနှိုင်း၍ ဒုတိယအကြိမ် ဆန်အိတ် ၅ သိန်းကို ထပ်မံဝယ်ယူစုဆောင်းခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏အစီအစဉ်ဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများသို့ ဆက်လက်ပို့ဆောင်ပေးရန် စီစဉ်ထားရှိမှုအပေါ် ဝယ်ယူစုဆောင်းထားသည့် အရန်ဆန်များ သတ်မှတ်အရည်အသွေးနှင့် အလေးချိန်ပြည့်မီခြင်း ရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80% 94%E1%80% B1%E1%80% AC%E1%80%80% E1%80%BA% E1%80%86% E1%80% AF%E1% 80%B6%E1%80%B8%E1%80%

## မတ်ပဲဈေးအတက်နှင့်ဈေးကွက်အလားအလာ

ဧရာဝတီတိုင်းဒေသကြီးအတွင်း မတ်ပဲဈေးနှုန်းများမှာ လွန်ခဲ့သည့် ဇူလိုင်လနောက်ဆုံးပတ်အတွင်းက ၁ တင်းဈေးနှုန်း ကျပ် ၇၅၀၀၀ အောက်သို့ ရောက်ရှိနေခဲ့ရာမှ ဇူလိုင်လကုန်ရက်အတွင်းမှစတင်၍ ဈေးနှုန်းအနည်းငယ် ပြန်တက်လာကြောင်း တွေ့ရသည်။

တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ ဇူလိုင်လ ၃၁ ရက်နေ့တွင် ၁တင်း ဈေးနှုန်း ကျပ် ၇၆၀၀၀၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျပ် ၇၆၅၀၀၊ ၃ ရက်နေ့တွင်

ကျပ် ၇၇၀၀၀၊ ၄ ရက်နေ့တွင် ကျပ် ၇၇၆၀၀၊ ၅ ရက်နေ့တွင် ကျပ် ၇၇၀၀၀၊ ၇ ရက်နေ့တွင် ကျပ် ၇၆၅၀၀ အသီးသီး ဖြစ်ခဲ့ပါသည်။

မြန်မာငွေကြေးဈေးနှုန်းအတက်အကျနှင့် မတ်ပဲအဓိကဝယ်လက်နိုင်ငံ၏ ရာသီဥတုအခြေအနေ၊ မတ်ပဲစိုက်ဧက အပြောင်းအလဲများကို မြန်မာမတ်ပဲကုန်သည်များက စောင့်ကြည့်လျက်ရှိပြီး လက်ကျန်မတ်ပဲများကို လက်ဝယ်ထားရှိကာ ဈေးအပြောင်းအလဲကို ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရှိရသည်။

အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံ၏ ပြည်တွင်းမတ်ပဲဈေးနှုန်းသည်လည်း ပဲခွဲစက်များ၏ ဝယ်လိုအားကောင်းနေခြင်းကြောင့် ဈေးနှုန်းဆက်လက်မြင့်တက်နေကြောင်း IPGA က ဆိုထားသည်။ အိန္ဒိယနိုင်ငံ၏ မိုးစိုက်မတ်ပဲ စိုက်ဧကသည် ယခင်နှစ်ကာလတူနှိုင်းယှဉ်လျှင် ၁၃.၇၉% ကျဆင်းသွားကြောင်း တွေ့ရသည်။

တောင်သူများက အကျိုးအမြတ်ပိုများသော၊ စိုက်စရိတ်သက်သာသော မြေပဲနှင့်ပဲပုတ်ကို ပြောင်းလဲစိုက်ပျိုး လာခြင်းကြောင့်ဖြစ်ကြောင်းလည်း IPGA ကတင်ပြထားသည်။ မြန်မာမတ်ပဲလက်ကျန် တန်ချိန် ၃.၅-၄ သိန်းခန့် ကျန်ရှိနေဦးမည်ဖြစ်ပြီး၊ ယခုနှစ်မတ်ပဲ ဈေးနှုန်းအရ လာမည့်မတ်ပဲစိုက်ရာသီတွင် မတ်ပဲစိုက်ဧက ၁၀-၁၅ % ခန့် တိုးလာနိုင်သဖြင့် မတ်ပဲထွက်ရှိမှု တန်ချိန် ၆.၅-၇ သိန်းခန့်ရှိမည်ဟု အိန္ဒိယဘက်မှ ခန့်မှန်းထားသည်။

ဩဂုတ်လ ၂ ရက်နေ့တွင် ပဲမျိုးစုံကွန်တိန်နာ ၃၂၀ လုံး ပါရှိသော သင်္ဘော ၁ စီး၊ ၈ ရက်နေ့တွင် ပဲမျိုးစုံကွန်တိန်နာ ၃၄၀ လုံးပါရှိသော သင်္ဘော ၁ စီး၊ ၁၅ ရက်နေ့တွင် ပဲမျိုးစုံ ကွန်တိန်နာ ၃၀၀ ပါရှိသော သင်္ဘော ၁ စီး နှင့် ၂၅ ရက်နေ့တွင် ဒုတိယသင်္ဘော ၁ စီး၊ စုစုပေါင်း သင်္ဘော ၄ စီးသည် မြန်မာမှ ချနိုင်းဆိပ်ကမ်းသို့ ထွက်ခွာမည်ဖြစ်ပြီး ကွန်တိန်နာ အရေအတွက်၏ ၇၅ % မှာ မတ်ပဲ တင်ဆောင်ထားခြင်းဖြစ်ကြောင်း IPGA ကဖော်ပြထားသည်။

အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံ၏ ရာသီဥတုအခြေအနေ၊ မတ်ပဲစိုက်ဧကကျဆင်းလာမှု၊ ပဲခွဲစက်များ၏ ဝယ်လိုအား အခြေအနေများအရ မြန်မာမတ်ပဲဆက်လက် ဈေးကောင်းရနေနိုင်ကြောင်း သုံးသပ်ရရှိပါသည်။

**Source: ရောဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး**

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်မှ ၁၁ ရက်နေ့ များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၁၀၃၇၁၅၆.၀၁၀ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၉၀၈၀၉၂.၂၆၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ ရော်ဘာ၊ Aluminium Ingot၊ ပဲတီစိမ်းနှင့် ပြောင်းများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့တင်ပို့ကုန်၏ ငွေပမာဏသည် ၇၆၄၄၀၄.၅၅၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၂၇၂၇၅၁.၄၆ ဒေါ်လာတင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ  ဆေးဝါးပစ္စည်းများ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလပ် စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ အပ်ချည်ကြိုးများ၊ လျှပ်စစ်မီးသီးနှင့်မီးချောင်းများ၊ ပလပ်စတစ်ပိုက်၊ သံပိုက်နှင့်မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၄၀၀၉၉၂.၄၇၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏ တန်ဖိုးမှာ ကန်ဒေါ်လာ ၅၀၇၀၉၉.၇၉၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၄၆၅ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဗဟိုဌာန**

## ရွှေဈေးကစားသူများကို သိရှိနိုင်ရန် အတုံး၊ ရွှေခဲရောင်းဝယ်မှုကို Online Trading ဖြင့် ဆောင်ရွက်မည်

ဈေးကွက်အတွင်း ဈေးကစားသူများကို တိကျစွာသိရှိနိုင်ရန်အတွက် ရွှေအတုံး၊ ရွှေခဲရောင်းဝယ်မှုအား Online Trading ဖြင့်ဆောင်ရွက်ပြီး ဈေးနှုန်းနှင့်ငွေပေးချေမှုများကို စိစစ်သွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောသည်။

ယမန်နေ့ ဩဂုတ်လ (၁၂) ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေဦးဆောင်၍ ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားငွေကြေးဈေးကွက်တွင် Online Trading အစီအစဉ်ဆောင်ရွက်သကဲ့သို့ ရွှေတုံး၊ ရွှေခဲရောင်းဝယ်မှုများ အတွက် Online Trading အစီအစဉ်ဆောင်ရွက်ရန်လိုအပ်ပြီး ရွှေဈေးကွက်တည်ငြိမ်ခိုင်မာရေးအတွက် အလေးချိန်သတ်မှတ်ချက် စံချိန်စံညွှန်း၊ အရည်အသွေး သတ်မှတ်ချက်စံချိန်စံညွှန်းနှင့် ဈေးနှုန်းသတ်မှတ်တွက်ချက်သည့် လုပ်ငန်းအစီအစဉ်များအတိုင်း တရားဝင်မှတ်ပုံတင်လက်မှတ်ရှိသူများသာ Online Trading အစီအစဉ်တွင် တရားဝင်စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ရောင်းဝယ်ခွင့်ပြုမည်ဟုလည်း သိရသည်။

ကြီးကြပ်စစ်ဆေးသူများအနေဖြင့်လည်း ဈေးနှုန်းများမတည်ငြိမ်စေရန်နှင့် ကမောက်ကမဖြစ်စေရန် ဈေးကစားသူများတွင် ရွှေဆိုင်များပါဝင်နေခြင်း ရှိ/မရှိ၊ သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်များနှင့် လိုအပ်သည့်မှတ်ပုံတင်လက်မှတ်များ ရှိ/မရှိ၊ အမှန်တကယ် တရားဝင်အရောင်းအဝယ်ပြုလုပ်နေသည့် ဈေးနှုန်းများ၊ ငွေပေးချေသည့်နည်းလမ်းများ စသည့်အချက်များကို သေချာစွာစိစစ်ရန်လိုအပ်ကြောင်း ၎င်းကဆိုသည်။

လက်ရှိတွင် ပြည်တွင်းရွှေဈေးကွက်အတွင်း ဈေးနှုန်းအဆမတန် မြင့်တက်လျက်ရှိရာ မီးလင်းအခေါက်ရွှေ တစ်ကျပ်သားလျှင် (၃၇) သိန်းကျပ်ကျော်အထိ မြင့်တက်နေပြီး ယင်းကဲ့သို့မြင့်တက်နေရခြင်းမှာ ဒေါ်လာဈေးမတည်ငြိမ်မှု၏ အကျိုးဆက်ကြောင့်ဖြစ်ကြောင်း သုံးသပ်မှုများလည်းရှိသည်။

ပြီးခဲ့သည့် လဆန်းပိုင်းက စတင်ခဲ့သည့် နှစ်သောင်းတန်ငွေစက္ကူသစ်ဂယက်နှင့်အာရှလမ်းသစ်ပျက်စီးမှုကြောင့် ထိုင်း-မြန်မာ ကုန်သွယ်မှုရပ်တန့်စေခဲ့သည့် ဖြစ်စဉ်ဂယက်ကြောင့် နိုင်ငံခြားငွေကြေး ဈေးကွက်အတွင်း ဈေးနှုန်းများ မတည်မငြိမ်ဖြစ်ပေါ်လျက်ရှိရာ အမေရိကန်ဒေါ်လာဈေးနှုန်းမှာ တစ်ဒေါ်လာလျှင် မြန်မာငွေ (၃၆၀၀) ကျော်အထိ မြင့်တက်နေခြင်းဖြစ်သည်။

ယင်းကဲ့သို့ ဒေါ်လာဈေးမြင့်တက်မှုကို အကြောင်းပြကာ မဟုတ်မမှန်သတင်းများထုတ်လွှင့်ကာ ရွှေဈေးကစားသူများက ဈေးစွဲတင်မှုများလုပ်ဆောင်နေခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာ အဆမတန် မြင့်တက်လာခြင်းဖြစ်ကြောင်း သုံးသပ်မှုများလည်းရှိသည်။

ယင်းကဲ့သို့ ရွှေဈေး ကစားသူများ၏ မဟုတ်မမှန်ဈေးနှုန်းဖော်ပြပြီး အကျိုးအမြတ်ရရှိစေရန် မသမာသော နည်းလမ်းဖြင့် ဆောင်ရွက်နေသူများအား စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး လုပ်ဆောင်ရန်လည်း ဗဟိုဘဏ်ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက်လာသည့် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=124804

## ဆန်တင်သွင်းနိုင်ရန်အတွက် ဗီယက်နမ်၊ အိန္ဒိယတို့နှင့်ဖိလစ်ပိုင်ဆွေးနွေးနေ

ဖိလစ်ပိုင်သည် ဗီယက်နမ်နှင့်အိန္ဒိယတို့မှ ဆန်တင်သွင်းရန် ဆွေးနွေးနေသည်။ အရန်ဆန်ထားရှိရန်နှင့် ပြည်တွင်းဆန်ဈေးနှုန်းထိန်းရင် ဆန်တင်သွင်းရခြင်းဖြစ်သည်။ ဗီယက်နမ် ဆန်ပို့ကုန်လုပ်ငန်းရှင်များသည် မကြာသေးမီက ဆွေးနွေးခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၄၀ အထိ ဈေးလျှော့ပေးရန် ကတိကဝတ်ပြုခဲ့ကြသည်။

"ယခုနှစ်အတွက် ဆန်မက်ထရစ်တန်ချိန် ၃၀၀၀၀၀ မှ ၅၀၀၀၀၀ အထိ ထပ်မံတင်သွင်းနိုင်ရေးအတွက် အဆင်ပြေဖို့ ဖြစ်လာတယ်လို့ မျှော်လင့်ရပါတယ်"ဟု စိုက်ပျိုးရေးဌာန အကြီးတန်းလက်ထောက်အရာရှိ Domingo Panganiban က

ပြောကြားသည်။ ဆန်များ အပိုဝယ်ယူမှုသည် ဖိလစ်ပိုင်နိုင်ငံအတွက် ဆန်လက်ကျန်ကို မြှင့်တင်ပေးမည်ဖြစ်သောကြောင့် ဖိလစ်ပိုင်ပြည်တွင်းဆန်ဈေးကို လျှော့ချနိုင်မည်ဖြစ်သည်။

မတင်သွင်းလျှင်လည်း ယခုနှစ်ကုန်တွင် ၅၂ ရက်စာမှ ၅၇ ရက်စာအထိ ဆန်လက်ကျန်ရှိနေမည်ဖြစ်သည်။ သမ္မတ မားကို့စ်က လာမည့်နှစ် အယ်နီညိုရာသီဥတု ကြုံရပြီးချိန်အထိ ဆန်လက်ကျန် အလုံအလောက်ရှိနေအောင် ဝယ်ယူ တင်သွင်းကြဖို့ ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်ကို Myanmar Food Industry Guide တွင် ဖော်ပြခဲ့ ပါသည်။ ဖိလစ်ပိုင်သည် ဆန်စပါးကို ကမ္ဘာ့အများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သော်လည်း တိုင်ဖွန်းမုန်တိုင်းများကြောင့် ထုတ်လုပ်မှုလျော့ကျသည်ကို ဖြည့်ဆည်းရန် ဗီယက်နမ်၊ မြန်မာ၊ ထိုင်းတို့ထံမှ ဆန်များကိုတင်သွင်းသည်။

၂၀၂၂ ခုနှစ်တွင် ဆန် မက်ထရစ်တန်ချိန် ၃ ဒသမ ၅ သန်း တင်သွင်းခဲ့သည်။ ယခုနှစ်တွင် ဆန် မက်ထရစ်တန်ချိန် ၂ ဒသမ ၅ သန်းခန့် တင်သွင်းမည်။

**Source: Bloomberg News**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6653-philippines.html

## ထိုင်းမင်းဂွတ်သီး ရေနွေးငွေ့ဖြင့် ပိုးသတ်ခြင်းမပြုဘဲ ဂျပန်သို့တင်ပို့ခွင့်ရရှိ




ထိုင်းနိုင်ငံမှ မင်းဂွတ်သီးများ ဂျပန်နိုင်ငံသို့ တင်ပို့သည့်အခါ သီးထိုးယင်များ ကင်းစင်စေရန် ကုန်ကျစရိတ်များသော ရေနွေးငွေ့ဖြင့် ပိုးသတ်ပေးခြင်းကို မလွှဲမသွေ ဆောင်ရွက်ပေးခဲ့ရသည်။

ယခုအခါ ရေနွေးငွေ့ဖြင့် ပိုးသတ်ခြင်းကို လုပ်ဆောင်ရန် မလိုတော့ဘဲ ကင်းလွတ်ခွင့်ပေးလိုက်ပြီဖြစ်သည်ဟု အမျိုးသား စိုက်ပျိုးရေး ကုန်စည်နှင့်စားသောက်ကုန် စံချိန်စံညွှန်းဌာန အမြဲတမ်း အတွင်းဝန် Pisan Pongsapitch က ပြောကြားသည်။

ဂျပန်-ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် Japan-Thailand Economic Partnership Agreement ((JTEPA) အောက်တွင် အတည်ပြုထားသော ကင်းလွတ်ခွင့်ကို ဂျပန်နိုင်ငံ၏ တရားဝင်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ရေနွေးငွေ့ဖြင့် ပိုးသတ်ခြင်း လုပ်ငန်းစဉ်မပါဘဲ ဂျပန်သို့တင်ပို့မည့် မင်းဂွတ်သီး ပထမဆုံးအသုတ်ကို ဂျပန်တာဝန်ရှိသူများက ယခု ဩဂုတ်လ တတိယပတ်တွင် စစ်ဆေးပေးမည်ဖြစ်ကြောင်း Pisan မှ ပြောကြားသည်။ သို့ဖြစ်ရာ ဩဂုတ်အတွင်းမှာ ၎င်း ပထမအသုတ်ကို တင်ပို့နိုင်မည်ဟု Pisan က ပြောကြားသည်။

အဆိုပါ လုပ်ငန်းစဉ်မှကင်းလွတ်ခွင့်သည် ထိုင်းနိုင်ငံမှတင်ပို့သော မင်းဂွတ်သီးများကို ကုန်ကျစရိတ်သက်သာစေပြီး သစ်သီးများ ရက်ပိုကြာကြာ လတ်ဆတ်နေစေမည်ဖြစ်ကြောင်း Pisan က ဆိုသည်။

ထို့ပြင် ဂျပန်သို့ ထိုင်းမှ မင်းဂွတ်သီးများ တစ်နှစ်လျှင် တန် ၂၀၀ ဝန်းကျင် ပိုမိုတင်ပို့နိုင်စေမည် ဖြစ်သည်။ သို့ဖြစ်ရာ တစ်နှစ်လျှင် ဘတ် သန်း ၂၀၀ ဝန်းကျင် ပိုမိုရရှိမည်ဖြစ်သည်။

စိုက်ပျိုးရေးဌာနမှ မှတ်ပုံတင်ပေးထားပြီး လက်မှတ်ထုတ်ပေးထားသော မင်းဂွတ်သီးခြံများမှ မင်းဂွတ်သီးများကိုသာ ရေနွေးငွေ့ဖြင့်ပိုးသတ်ခြင်း လုပ်ငန်းစဉ်မပါဘဲ ဂျပန်သို့တင်ပို့ခွင့်ရှိကြောင်း Pisan က ပြောကြားသည်။

**Source: nationthailand**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6660-asia-fruits.html

## ကမ္ဘာ့ဆန်စျေးနှုန်းများ ၁၅ နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိလာ

အိန္ဒိယနိုင်ငံက ပြည်ပသို့ဆန်တင်ပို့မှု တားမြစ်လိုက်ချိန်နှင့် စပါးကိုအဓိကထားစိုက်ပျိုးသည့် အရှေ့တောင်အာရှဒေသအတွင်း ဆိုးဝါးသော ရာသီဥတုအခြေအနေများကြောင့် ပြီးခဲ့သည့်ရက်ပိုင်းက ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ဆန်စျေးနှုန်းများသည် ၁၅ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာကြောင်း သိရသည်။



ထိုင်းနိုင်ငံဆန်တင်ပို့သူများအဖွဲ့က ထုတ်ပြန်သော အချက်အလက်များအရ အာရှစံသတ်မှတ်ချက်ဖြစ်သည့် ဆန်ကွဲ ၅ ရာခိုင်နှုန်းသာပါသော ထိုင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၈ ဒေါ်လာအထိ ရောက်ရှိလာသည်ကို တွေ့ရသည်။ အဆိုပါနှုန်းထားသည် ၂၀၀၈ ခုနှစ်စက်တင်ဘာလ နောက်ပိုင်း အမြင့်ဆုံးနှုန်းထားဖြစ်သည်။

အိန္ဒိယအစိုးရက ဆီးချိုဆန်မဟုတ်သည့် အခြားသော ဆန်များအားလုံး ပြည်ပသို့တင်ပို့မှုကို ဇူလိုင်လနှောင်းပိုင်းတွင် ကန့်သတ်လိုက်ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံအတွင်း ဆန်စျေးနှုန်းများသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ၃၀ ရာခိုင်နှုန်း အထိမြင့်တက်လာသောကြောင့် ပြည်တွင်းဆန်စျေးနှုန်း တည်ငြိမ်စေရန်ရည်ရွယ်ကာ ပြည်ပသို့ဆန်တင်ပို့မှု တားမြစ်လိုက်ရခြင်းဖြစ်သည်ဟု အိန္ဒိယအစိုးရက ဖြေရှင်းချက် ထုတ်ပြန်ထားသည်။

ထို့ပြင် ကမ္ဘာပေါ်တွင် ဆန်တင်ပို့မှု အများဆုံးတစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံအတွင်း ယခုနှစ်မိုးရွာသွန်းမှု ပမာဏက ပြီးခဲ့သည့်နှစ်ကထက် ၂၃ ရာခိုင်နှုန်းလျော့နည်း သောကြောင့် စပါးအထွက်နှုန်းကို လျော့ကျစေသည်။

ထိုင်းနိုင်ငံသည် ယခုနှစ်ပထမခုနှစ်လအတွင်း ပြည်ပသို့ဆန်တင်ပို့မှု မက်ထရစ်တန်ချိန် ၄ ဒသမ ၈ သန်းရှိသည်။ ပြီးခဲ့သည့်နှစ် တစ်နှစ်လုံးတွင် ထိုင်းနိုင်ငံ၏ ပြည်ပသို့ဆန်တင်ပို့မှုမှာ မက်ထရစ်တန်ချိန် ၇ ဒသမ ၇၁ သန်းရှိကြောင်း ဆန်တင်ပို့သူများအဖွဲ့ဥက္ကဋ္ဌက ပြောထားသည်။

**Source:** https://www.myawady.net.mm/node/44430

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဇူလိုင်လတစ်လတာ ကာလအတွင်း ငါးရှဉ့်ပိဿာချိန် ၁၃၅၅၀၀ အထိ တင်ပို့ရောင်းချ



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဇူလိုင်လတစ်လတာ ကာလအတွင်း ငါးရှဉ့်ပိဿာချိန် ၁၃၅၅၀၀ အထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အိအိထွေး၏ ပြောကြားချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ ဇွန်လတစ်လတာ ကာလအတွင်း ငါးရှဉ့်ပိဿာချိန် ၉၅၅၀၀ အထိ တင်ပို့ရောင်းချခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ငါးရှဉ့်ပိဿာချိန် ၁၃၅၅၀၀ အထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါတင်ပို့ ရောင်းချနေသည့် ငါးရှဉ့်များကို ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပစျေးကွက်သို့ ပြန်လည်တင်ပို့သဖြင့် ငါးရှဉ့်များ ဝယ်လိုအားကောင်းခြင်းဖြစ်ကြောင်း သိရသည်။

"ဇူလိုင်ပထမပတ်လောက်ကတည်းက ငါးရှဉ့်ဝယ်လိုအား သိသိသာသာ ကောင်းလာပါတယ်။ လက်ရှိ ပြည်ပကို ငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာတာနဲ့ ပြည်ပက ငါးရှဉ့်ဝယ်လိုအားကောင်းလာတာကြောင့် စျေးကွက်အတွင်း ဝယ်လိုအားကောင်းလာတာပါ။ မော်လမြိုင်ကျွန်းမြို့နယ်က ရရှိတဲ့ငါးရှဉ့်တွေကို ရန်ကုန် စျေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ အခုလို ငါးရှဉ့်စျေးကောင်းရလာတော့ ကာလရှည် အခက်အခဲရှိနေတဲ့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်း

လုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်”ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ချိုချိုကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ငါးရှဉ့်များကို ရန်ကုန်စျေးကွက်သို့ ပုံမှန်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ငါးရှဉ့်ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၁၂၀၀၀၀ အထိ စျေးနှုန်းရရှိကြောင်း၊ အဆိုပါဒေသထွက် ငါးရှဉ့်များကို ရန်ကုန်စျေးကွက်မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နှင့်ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/44458

## အိန္ဒိယနိုင်ငံတွင် ဆန်တင်ပို့မှုများ ပိတ်ပင်လိုက်ပြီးနောက် သကြားတင်ပို့မှုအား ပိတ်ပင်မည်ကို စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိ

ပြည်တွင်းကုန်စျေးနှုန်းကို ထိန်းချုပ်ရန် အိန္ဒိယက ဆန်တင်ပို့မှုအချို့ကို ပိတ်ပင်လိုက်ပြီးနောက် ကုန်သည်များက အခြားသော အခြေခံစားသောက်ကုန်စည်တစ်မျိုးဖြစ်သည့် သကြားအား ကန့်သတ်ပိတ်ပင်မည်ကို စိုးရိမ်နေကြကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ကမ္ဘာလုံးဆိုင်ရာထောက်ပံ့မှု ပိုမိုတင်းကျပ်လာသဖြင့် တောင်အာရှနိုင်ငံမှ သကြားတင်ပို့မှုအပေါ် ကမ္ဘာနိုင်ငံအသီးသီးက ပိုမိုမှီခိုလာရပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ပြည်နယ်အများစုတွင် မိုးရွာသွန်းမှု မညီမျှမှုများကြောင့် သကြားစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းမည်ကို စိုးရိမ်လျက်ရှိပြီး နှစ်နှစ်ဆက်တိုက် သကြားထုတ်လုပ်မှုကျဆင်းမည့် အလားအလာများ တွေ့မြင်နေရသောကြောင့် အစိုးရအနေဖြင့် သကြားတင်ပို့မှုကို ကန့်သတ်လာနိုင်ပါကြောင်းနှင့် အိန္ဒိယအစိုးရက ပြည်ပသို့ ဂျုံနှင့်ဆန်မျိုးကွဲအချို့ ရောင်းချခြင်းကို တားမြစ်ထားခြင်း၊ ရာသီဥတုဆိုးရွားမှုနှင့် ယူကရိန်းတွင် ပိုမိုဆိုးရွားလာသော ပဋိပက္ခများကြောင့် ကမ္ဘာ့စားနပ်ရိက္ခာစျေးကွက်အပေါ် သက်ရောက်မှုများ ပိုမိုဖြစ်ပေါ်လာစေကြောင်း သိရှိရပါ သည်။

ဆန်တင်ပို့မှုတားမြစ်ခြင်းသည် စားနပ်ရိက္ခာဖူလုံမှုနှင့်ငွေကြေးဖောင်းပွမှုအပေါ် အစိုးရက စိုးရိမ်ပူပန်သောကြောင့် ဖြစ်ပါကြောင်းနှင့် ယခုစိုးရိမ်သည်မှာ အစိုးရအနေနှင့်သကြားနှင့်ပတ်သက်၍ အလားတူစီမံဆောင်ရွက်မှုများ ဆောင်ရွက်သွားနိုင်၍ ဖြစ်သည်ဟု အပူပိုင်းဒေသသုတေသနဝန်ဆောင်မှုဌာနမှ သကြားနှင့်အီသနောအကြီးအကဲ Henrique Akamine က ပြောကြားထားပါသည်။

ကြံအဓိကစိုက်ပျိုးသည့် Maharashtra ပြည်နယ်နှင့် Karnataka ပြည်နယ်တို့တွင် ဇွန်လအတွင်း လုံလောက်သောမိုးရေ မရရှိခဲ့သောကြောင့် သီးနှံစိုက်ပျိုးမှုကို ထိခိုက်စေခဲ့ပြီး ၂၀၂၃-၂၄ စိုက်ပျိုးရာသီတွင် သကြားအထွက်နှုန်းမှာ ပြီးခဲ့သည့်နှစ်ထွက်ရှိမှုထက် ၃.၄ ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၃၁.၇ မီလီယံသာ ထွက်ရှိရန်မျှော်မှန်းထားပါကြောင်း၊ သို့ရာတွင် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးရန် လုံလောက်မှုရှိသည်ဟု အိန္ဒိယသကြားစက်ရုံများအသင်းဥက္ကဋ္ဌ Aditya Jhunjhunwala က ပြောကြားထားကြောင်းလည်း သိရှိရပါသည်။

ထိုသို့သကြားစိုက်ပျိုးထွက်ရှိမှုကျဆင်းမည်ဟု ခန့်မှန်းထားသည့်အချိန်တွင် အိန္ဒိယသည် ဇီဝလောင်စာအတွက် သကြားကို ပိုမိုအသုံးပြုရန် စီစဉ်ထားပါကြောင်းနှင့် ယခင်နှစ်ထက် ၉.၈ ရာခိုင်နှုန်းပိုမိုသည့် သကြားတန်ချိန် ၄.၅ မီလီယံကို အီသနောထုတ်လုပ်ရန် အစိုးရက စီစဉ်ထားသည်ဟုသိရှိရကြောင်း အိန္ဒိယသကြားစက်ရုံများအသင်းက ပြောကြားထားပါသည်။

ယခုသကြားထုတ်လုပ်နိုင်မှုအခြေအနေအရ အိန္ဒိယအစိုးရသည် သကြားအား ပြည်ပသို့တင်ပို့မှုကို ခွင့်ပြုလိမ့်မည် မဟုတ်ကြောင်းနှင့်အီသနောထုတ်လုပ်မှုကို အပြည့်အဝဆောင်ရွက်ခြင်းရှိ/မရှိ မိမိတို့အနေဖြင့် ဂရုစိုက်စောင့်ကြည့်နေသည်ဟု Stone X ကုမ္ပဏီ၏ သကြားနှင့်အီသနောဌာနအကြီးအကဲဖြစ်သူ Bruno Lima က ပြောကြားထားကြောင်းလည်း သိရှိရပါသည်။

အိန္ဒိယ၏ စားနပ်ရိက္ခာဝန်ကြီးဌာန၊ အတွင်းဝန် Sanjeev Chopra က သကြားစက်ရုံများအသင်း၏ သကြားထုတ်လုပ်မှု လျော့နည်းမည်ဖြစ်ကြောင်း လေ့လာဆန်းစစ်အကဲဖြတ်ချက်ကို သောကြာနေ့ကဝေဖန်ခဲ့ပြီး ယင်းခန့်မှန်းချက်သည်

အလွန်စောပြီး နိုင်ငံတွင်း သကြားပြတ်လပ်မည်ကို ထိတ်လန့်မှုဖြစ်စေခဲ့သည်ဟု Press Trust of India သတင်းစာတွင် ဖော်ပြထားကြောင်းလည်း သိရှိရပါသည်။

အိန္ဒိယသည် ယခင်ကလည်း သကြားတင်ပို့မှုကို ကန့်သတ်ခဲ့ပါကြောင်း၊ ၂၀၂၂-၂၃ ရာသီတွင် တင်ပို့မှုပမာဏအား တန်ချိန် ၆.၁ သန်းသာ အများဆုံးတင်ပို့ရန် ကန့်သတ်ထားပြီး ယခင်နှစ် ခွင့်ပြုပမာဏတန်ချိန် ၁၁ သန်းထက် လျော့နည်းသွားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ယခင်ဆန်ဖြူတင်ပို့မှု မပိတ်ပင်ခင်အချိန်တွင် ယခုကဲ့သို့ပင် တင်ပို့မှုပိတ်ပင်နိုင်သည်ဟု သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် တစ်ပတ်၊ နှစ်ပတ်ခန့်အကြာတွင် အစိုးရမှ အမိန့်ကြော်ငြာစာများ တရားဝင်ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရပါသည်။ ယခုသကြားကိစ္စမှာလည်း လုပ်ငန်းရှင်များအကြား သတင်းများပျံ့နှံ့နေသဖြင့် မကြာမီ အမိန့်ကြော်ငြာစာများ တရားဝင်ထုတ်ပြန်ပြီး ကန့်သတ်ခြင်းများ ဆောင်ရွက်လာနိုင်ပါသည်။ ထိုသို့သကြားတင်ပို့မှုပိတ်ပင်ပါက ကမ္ဘာ့သကြားဈေး မြင့်တက်လာနိုင်သကဲ့သို့ သကြားနှင့်ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်းများကိုပါ သက်ရောက်မှုများရှိလာနိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတွင်း သကြားထုတ်လုပ်တင်ပို့နိုင်မှုအခြေအနေကို လေ့လာ၍ လိုအပ်သလိုမူဝါဒများ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

**Source: Rice export ban sparks concern that sugar may be next, The Economic Times, 8 August 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)%20_11082023%20_19:38

## ယခုနှစ် ပထမ ၅ လအတွင်း ထိုင်းနိုင်ငံ၏ သစ်သီးတင်ပို့မှု အခြေအနေကောင်းမွန်ခဲ့

တရုတ်နိုင်ငံတွင် ထိုင်းသစ်သီးများ လူကြိုက်များနေဆဲဖြစ်သောကြောင့် ပို့ကုန်လုပ်ငန်းရှင်များသည် သစ်သီးများ တင်ပို့မှုဖြင့် FTA ခံစားခွင့်များ ရရှိနေကြပါကြောင်း၊ အထူးသဖြင့် နွေရာသီတွင် ဒူးရင်းသီး၊ မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီးတို့ဖြစ်ကြောင်း၊ အာဆီယံ-တရုတ် FTA ခံစားခွင့်ရရှိထားမှုမှာ အမေရိကန်ဒေါ်လာ ၃.၃ ဘီလီယံဖြစ်ကြောင်း ပြည်ပကုန်သွယ်ရေးဦးစီးဌာန Mr. Rannarong Phoolpipat က ပြောကြားခဲ့ပါသည်။

အုန်းသီးထုတ်ကုန်များ (အခွံများအပါ) သည်လည်း မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း၊ အုန်းသီးထုတ်ကုန်များ တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၁၈၈ သန်း FTA ခံစားခွင့်ရရှိပါကြောင်း၊ တရုတ်သည် ထိုင်းအုန်းသီး တင်သွင်းမှုတွင် နံပါတ် ၁ ဖြစ်ကြောင်း၊ တင်သွင်းသည့် အုန်းသီးစုစုပေါင်း သွင်းကုန် ပမာဏ၏ ၅၄.၈ ရာခိုင်နှုန်းသည် ထိုင်းမှဖြစ်ကြောင်း၊ ဈေးကွက်ခွဲဝေရရှိမှု ၈၀ ရာခိုင်နှုန်းဖြစ်ကြောင်း ၎င်းကရှင်းလင်းပြောကြားခဲ့ပါသည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ထိုင်းသစ်သီး လတ်လတ်ဆတ်ဆတ်များ တင်ပို့မှုသည် ၁၀ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ကုန်းလမ်းပို့ဆောင်ရေး ပိုမိုကောင်းမွန်လာသဖြင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု လွယ်ကူချောမွေ့လာခဲ့ခြင်းကြောင့်ဖြစ်ပါကြောင်း၊ သစ်သီးတင်ပို့နိုင်မှု တန် ၂.၅ သန်းခန့်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၅.၅၉ ဘီလီယံဖြစ်ကြောင်း၊ ယခင်နှစ်က ကုန်းလမ်းတွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ရေလမ်းကိုသာအသုံးပြုခဲ့ရသဖြင့် သစ်သီးတန်ချိန် ၂.၂၅ သန်းသာ ပို့နိုင်ခဲ့ပါကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Keerati Rushchano က ပြောကြားချက်အရ သိရှိရပါသည်။

ထိုင်းနိုင်ငံမှတရုတ်နိုင်ငံသို့ အုန်းသီးတင်ပို့နေမှုသည် အလားအလာကောင်းပါကြောင်း သုံးသပ်မိပါသည်။ မြန်မာနိုင်ငံတွင်လည်း အုန်းသီးစိုက်ပျိုးထုတ်လုပ်ရန်စီမံချက်ကို စတင်ဆောင်ရွက်နေပြီဖြစ်သဖြင့် ထိုင်းနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု၊ ဈေးကွက်တင်ပို့မှုတို့နှင့်စပ်လျဉ်း၍ လာရောက်လေ့လာရန် အလားအလာကောင်းများရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source: www.bangkokpost. gov**

**( စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_110820230400

## လေးလအတွင်း ပြည်ပသို့ ရော်ဘာတန်ချိန် ရှစ်သောင်းတင်ပို့ထား

ယခုနှစ် ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ် လေးလတာကာလအတွင်း ပြည်ပခုနှစ်နိုင်ငံသို့ ရော်ဘာတန်ချိန် ရှစ်သောင်း တင်ပို့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်းမှ သတင်းရရှိသည်။ "ဧပြီလကနေ ဇူလိုင်လအထိ ပြည်ပကို ရော်ဘာတန်ချိန် ရှစ်သောင်းတင်ပို့ထားပါတယ်။ အများဆုံးကတော့ တရုတ်နိုင်ငံကို တင်ပို့တာပါ။ တရုတ်နိုင်ငံတင်ပို့မှုဟာ တစ်နိုင်ငံလုံးထွက်ရှိတဲ့ ရော်ဘာတန်ချိန်ရဲ့ ၇၅ ရာခိုင်နှုန်း လောက်ရှိပါတယ်"ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးခိုင်မြင့်ကပြောသည်။

အဆိုပါ ရော်ဘာတန်ချိန် ရှစ်သောင်းကို တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်၊ စင်္ကာပူ၊ အိန္ဒိယ၊ ဂျပန်နိုင်ငံများသို့ တင်ပို့ခဲ့ပြီး ကမ္ဘာ့ပေါက်စျေး၊ ပြည်တွင်း၊ ပြည်ပစျေးကွက်ပေါက်စျေးများနှင့်တွက်ချက်၍ တစ်တန်လျှင် (RSS 3) အမေရိကန်ဒေါ်လာ ၁၂၀၀၊ ၁၂၅၀ အကြားဖြင့် တင်ပို့ခဲ့ကြောင်း သတင်းရရှိသည်။ ကမ္ဘာ့ရော်ဘာစျေးကတော့ အတက်အကျ သိပ်မရှိပါဘူး။ ဒီမှာတော့ မိုးတွင်းဖြစ်နေလို့ ရော်ဘာစျေးက ပိတ်သွားပြီး၊ ပစ္စည်းရှားနေတယ်။ ကျိုကြား ကျိုကြားလောက်ပဲ အရောင်းအဝယ် ဖြစ်နေတယ်ပြောတယ်"ဟု မုဒုံမြို့ ဘုန်းသန့်ရော်ဘာရောင်းဝယ်ရေးမှ ကိုသူရကပြောသည်။

လက်ရှိ မြန်မာရော်ဘာစျေးကွက်သည် မိုးရာသီဖြစ်သောကြောင့် စျေးပိတ်ထားသည့်မှာ တစ်လခန့်ရှိပြီးဖြစ်ပြီး ပစ္စည်းရှားသော်လည်း မြန်မာရော်ဘာတစ်ပေါင်လျှင် ဒေသပေါ်မူတည်၍ ၁၃၀၀ကျပ်မှ ၁၇၀၀ကျပ်စျေးရှိကြောင်း၊ ထိုင်းနိုင်ငံမှ တရားမဝင်ဝယ်ယူသည့် စျေးကွက်ပေါက်စျေးတွင် ရော်ဘာတစ်ပေါင်လျှင် ၁၇၈၆ ကျပ် မှ ၁၉၅၉ ကျပ် စျေး ရှိသည်။ ကမ္ဘာ့ ရော်ဘာပေါက်စျေးမှာ တစ်တန်လျှင် ဒေါ်လာ ၁၀၊ ၂၀ အကြားစျေးတက်ပြီး စျေးငြိမ်နေသည်မှာ သုံးလခန့်ရှိပြီးဖြစ်ကြောင်း ရော်ဘာစျေးကွက်မှ သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးဧက ၁၆၄၀၀၀၀ ရှိပြီး အမှန်တကယ် အစေးခြစ်ထုတ်ယူနေသည့်ဧကမှာ ရှစ်သိန်းခွဲခန့် ရှိသည်။ တစ်နှစ်လျှင် ဧကရှစ်သိန်းခွဲခန့်မှ ရော်ဘာတန်ချိန် သုံးသိန်းထွက်ရှိသည်။ ရော်ဘာစိုက်ပျိုးသော ဒေသများမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) တို့တွင်စိုက်ပျိုးကြသည်။

**Source: Myanmar Awba**

## ပြည်တွင်းအာလူးထွက်ရှိမှု ရှားပါးချိန်ဖြစ်၍ စျေးကွက်ဝယ်လိုအားကို မဖြည့်ဆည်းနိုင်သောကြောင့် တရုတ်နိုင်ငံတင်သွင်းနေရ



ပြည်တွင်း၌ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလဆန်းပိုင်းထိ အာလူး ထွက်ရှိမှုမှာ ရှားပါးချိန်ဖြစ်ပြီး လက်ရှိတွင် စျေးကွက်ဝယ်လိုအားကောင်းလျက်ရှိရာ လုံလောက်သည်ထိ မဖြည့်ဆည်းနိုင်သေးဘဲ တရုတ်ဘက်မှ အာလူးများဖြင့် စျေးကွက်လိုအပ်ချက်ဖြည့်ဆည်း တင်သွင်းနေရကြောင်း သိရသည်။

အာလူးကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးကြပြီး စက်တင်ဘာလကုန်ပိုင်းတွင် အာလူးထွက်ရှိမှု ပိုမိုများပြားလာမည်ဖြစ်၍ စျေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဟုဆိုသည်။

"မေလကစိုက်တဲ့ အာလူးတွေ စျေးကွက်မှာဝင်နေပြီး ဩဂုတ်လမှာလည်း စိုက်ဖို့ပြင်နေကြပြီ။ တစ်နှစ်ကို အာလူးသုံးကြိမ်စိုက်ကြတယ်။ မတ်၊ ဧပြီ၊ မေနဲ့ဇွန်လတွေက အထွက်အများဆုံးချိန်ပဲ။ ခုရာသီမှာ ဖျက်ပိုးတွေကြောင့် အာလူးအထွက်နှုန်းနည်းတာရယ် ခုမှမိုးကြိုအာလူး စပေါ်လာတာရယ်ကြောင့် စျေးကွက် လုံလောက်အောင် မဖြည့်နိုင်ဘူး။ ဒီချိန်မှာ တရုတ်အာလူးတွေ ပြည်တွင်းစျေးကွက်ဝင်လာတာက စားသုံးသူတွေမှာ အဆင်ပြေမယ်ဟု အာလူးစိုက်ပျိုးသူများအသင်းဝင်တစ်ဦးက ပြောသည်။

ပြည်တွင်းမှ အာလူးပေါများစွာထွက်ရှိချိန်တွင် တရုတ်ဘက်က အောက်စျေးဖြင့် ဝင်ရောက်ပါက တောင်သူများ နစ်နာနိုင်သော်လည်း လက်ရှိတွင် စျေးကွက်လိုအပ်ချက်ဖြည့်ဆည်းရာရောက်ပြီး တရုတ်အာလူးများသည် တစ်ပိဿာ ငွေကျပ်

၂၆၀၀ ဝန်းကျင်ပေါက်ဈေးရှိကြောင်း၊ ပြည်တွင်းမှ အာလူးကြော်နှင့်အခြားကုန်ချောထုတ်လုပ်သူများအတွက် တရုတ်အာလူးမှာ အရည်အသွေးနိမ့်ပြီး မြန်မာ့အာလူးက သာလွန်ကောင်းမွန်ကြောင်း သိရသည်။

“တရုတ်အာလူးကို စားဖိုချောင်အတွက်သုံးကြတာ။ အာလူးကြော်လုပ်ငန်းတွေက အရွယ်ကြီးကို အသုံးများပြီး ဝယ်လိုအားကောင်းတာကြောင့် တချို့က အချိန်မရောက်သေးဘဲ တူးပြီးရောင်းတော့ အရည်အသွေးနိမ့်သွားတယ်။ Supply and demand မမျှတတဲ့အခြေအနေဖြစ်သလို မိုးရာသီဖြစ်တဲ့ ၇ လပိုင်းနဲ့ ၈ လပိုင်းက အာလူးရှားချိန်ဖြစ်သလို အာလူး အရွယ်က အကြီးမဟုတ်ဘဲ အလတ်နဲ့အသေးတွေပဲများတယ်ဟု ဆက်လက်ပြောကြားသည်။

ပြည်တွင်းမှ အာလူးအရွယ်ကြီးများ မထွက်ရှိသေးဘဲ ဈေးကွက်တွင် အလတ်နှင့်အရွယ်သေးများသာရှိ၍ တစ်ပိဿာ ငွေကျပ် ၃၀၀၀-၅၀၀၀ ဝန်းကျင်ပေါက်ဈေးရှိကြောင်း၊ အာလူးဈေးကွက်အလားအလာမှာ ၁၀ လပိုင်းတွင် ပြည်တွင်းထွက် အာလူး များလာနိုင်ပြီး ဩဂုတ်လတွင် အာလူးထွက်ရှိမှုနည်းပါးကာ အရှားပါးဆုံးချိန်က ဇူလိုင်လမှ ဩဂုတ်လကုန်ပိုင်းထိ ဖြစ်ကြောင်း သိရသည်။

အာလူးစိုက်ပျိုးရာ၌ မြေဩဇာအလွန်အကျွံသုံးစွဲမှုကြောင့် အပင်အကျိုးပြု ဗက်တီးရီးယားပိုးများသေဆုံးပြီး အပင်ကိုပျက်စီး စေသော ဗက်တီးရီးယားများ ရှင်သန်ပေါက်ပွားစေသဖြင့် အလွန်အကျွံသုံးစွဲခြင်းမှ ရှောင်ကြဉ်ရန်နှင့် ပြည်တွင်းမှ အများအပြား ထုတ်လုပ်ဖြန့်ချိနေသော သဘာဝမြေဩဇာကို သုံးစွဲသင့်ကြောင်း ၎င်းကအကြံပြုပြောကြားခဲ့သည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (14.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Aug. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,917 (Shares) | 69,031,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 8,900 | 8,900 | 8,800 | 3,422 | 30,171,500 | 33,109,694 | 294,676 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,100 | 3,150 | 3,100 | 8,790 | 27,299,200 | 38,929,150 | 120,680 |
| MCB | 00003 | 7,600 | -400 | -5.00% | 7,600 | 7,600 | 7,600 | 20 | 152,000 | 10,400,986 | 79,048 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 189 | 305,800 | 29,664,613 | 48,947 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 2,350 | +0 | +0.00% | 2,300 | 2,350 | 2,300 | 1,651 | 3,797,350 | 19,977,223 | 46,947 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |
| MAEX | 00008 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 3,845 | 7,305,500 | 23,804,946 | 45,229 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 14th Aug. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 381.42 | -3.96 | -1.03% | 383.10 | 383.10 | 380.56 | 17,917 | 69,031,350 | 8 | 719,432 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 14th Aug. 2023

| Trading Volume | Trading Value |
|---|---|
| 17,917 (Shares) | 69,031,350 (MMK) |

## Main Board

As of 1:00 pm, 14th Aug. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,917 (Shares) | 69,031,350 (MMK) |

| MYANPIX | 381.42 ▼ 3.96 |
|---|---|
| Total Volume (shares) | 17,917 |
| Total Value (MMK) | 69 mil |
| Listed Company | 8 |
| Market Cap. (MMK) | 719,432 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 7,600 | ▼ 400 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,350 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,900 | ▲ 0 |

TIR